FRIDAY | 29 January 2021 YOMA BULLETIN | ISSUE 24

YOMA FMI
YOMA GROUP

# Yoma Bulletin

ရိုးမ သတင်းစဉ်

Group Bi-weekly highlights

HEADLINES

## Yoma's Effort on Vaccination Fund

We are happy to share that Yoma Group has committed to supporting the Myanmar government's COVID-19 Vaccination Fund. The fund was set up by the Ministry of Planning, Finance and Industry for the purchase of vaccines, and has appealed to companies and individuals to contribute.

A big shout-out to Yoma Bank, Wave Money, Yoma Land and Pun Hlaing Hospitals who have collectively committed to contributing 550 million kyats (USD 415,000) towards the fund. The funds will go toward buying, distributing and administrating the vaccines safety nationwide.

အစိုးရ၏ Covid-19 ကာကွယ်ဆေး ဝယ်ယူရရှိရေးအတွက် ရန်ပုံငွေစုဆောင်းရာတွင် Yoma Group မှ ပါဝင်ကူညီ လှူဒါန်းခဲ့ကြောင်း ဝမ်းမြောက်စွာ အသိပေးလိုက်ပါသည်။ ကာကွယ်ဆေး ဝယ်ယူရရှိရေးအတွက် စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာနမှ ရန်ပုံငွေ စတင်ထူထောင်ထားရှိခဲ့ပြီး ကုမ္ပဏီ၊ အဖွဲ့အစည်းများနှင့် ပြည်သူများအား ပါဝင်လှူဒါန်းကြရန် တိုက်တွန်းခဲ့ပါသည်။

Covid-19 အတွက် အစိုးရ၏ ကြိုးပမ်းမှုတွင် တစ်နိုင်ငံလုံးနှင့်အတူ ရိုးမဘဏ်၊ Wave Money၊ Yoma Land နှင့် ပန်းလှိုင်ဆေးရုံတို့မှ စုပေါင်းကာ ကျပ်ငွေ သန်း ၅၅၀ (အမေရိကန်ဒေါ်လာ ၄၁၅,၀၀၀ ခန့်) လှူဒါန်း၍ အားဖြည့်ပါဝင်ခဲ့ပါသည်။ အဆိုပါ လှူဒါန်းငွေကို ကာကွယ်ဆေး ဝယ်ယူရရှိရေးနှင့် ကာကွယ်ဆေးကို နိုင်ငံအနှံ့ လုံခြုံစွာ ဖြန့်ချိရောက်ရှိရေးအတွက် အသုံးပြုသွားမှာဖြစ်ပါသည်။ ဘဏ္ဍာရေး လှူဒါန်းမှုအပြင် လုပ်ငန်းစု၏ ကျန်းမာရေးစောင့်ရှောက်မှုကဏ္ဍမှ Covid-19 ရောဂါပိုးရှိ၊ မရှိ စစ်ဆေးခြင်းနှင့် ကုသမှုတို့အတွက် ပန်းလှိုင်ဆေးရုံတွင် ဌာနအသစ်တစ်ခုကိုလည်း ဖွဲ့စည်းခဲ့ပါသည်။

MOPFI YOMA BANK Wave money YOMA LAND PUN HLAING HOSPITALS

## Plan, Review and Measure Your 2021 Performance

It is the time of the year when we revisit our goals, responsibilities and deliverables. All Yoma employees and managers are reminded to submit their Performance Assessments & Career Enhancement (PACE) forms on set timelines.

နှစ်တစ်နှစ်၏ အခုချိန်ဆိုလျှင် ကျွန်ုပ်တို့၏ အလုပ်ရည်မှန်းချက်များ၊ လုပ်ငန်းတာဝန်များနှင့် အလုပ်တာဝန်ပြီးဆုံးမှုများကို ပြန်လည်သုံးသပ်နေကျဖြစ်ပါသည်။ ရိုးမရှိ ဝန်ထမ်းများနှင့် မန်နေဂျာအားလုံး Performance Assessments & Career Enhancement (PACE) ဖောင်ကို အချိန်မီ ပေးပို့ကြရန် အသိပေးလိုက်ပါသည်။




## Keep the Distance

As more of us are going back to our workplace, we would like to remind all Yoma employees to follow our social distancing rules to prevent community transmission within our workplace.




ဝန်ထမ်းများလုပ်ငန်းခွင်သို့ပြန်လည်ရောက်ရှိလာပြီဖြစ်သည့်အတွက် လုပ်ငန်းခွင်တွင် ရောဂါကူးစက်မှုများ မဖြစ်စေရန် ဝန်ထမ်းအချင်းချင်း ခပ်ခွာခွာနေထိုင်ကြရန် ထပ်မံသတိပေးလိုပါသည်။

## Yoma Recruitment

Here are some "Hot Roles" at Yoma this week:
ယခုအပတ်အတွက် ရိုးမမှ ခေါ်ယူနေသည့် လုပ်ငန်းရာထူးများမှာ -

- Talent Acquisition Manager (Yoma Group)
- Commercial Manager (Yoma Central)
- Assistant HR Manager (KOSPA)
- Senior Accountant (Yoma Motors)
- Reconciliation Analyst (Yoma Fleet)
- Senior Technician (Pun Hlaing Estate)
- Golf Club Secretary (Pun Hlaing Estate)
- Site Acquisition Coordinator (Yoma Micro Power)

*Take charge of your career. For more internal job vacancies, click here.*

YOMA PEOPLE 2021

# Our New Maternity Policy

In our last bulletin, we introduced the Anargat Program. အနာဂတ် (Anargat) means “future” in Myanmar language.

It is an initiative designed to provide the support needed for any Yoma employees planning to start a new family; to help them find a work life balance.

One of the key highlights is the change in the maternity leave policy which offers more flexible and longer leave options, and guarantees employment within the Group at the end of the maternity leave.

ပြီးခဲ့သည့် အကြိမ်ထုတ် Bulletin တွင် အနာဂတ်အစီအစဉ်ဖြင့် မိတ်ဆက်ခဲ့ပြီး ဖြစ်ပါသည်။ အင်္ဂလိပ်လို Anargat ၊ မြန်မာလို အနာဂတ်ဟူ၍ အဓိပ္ပာယ်ရပါသည်။

မိသားစုတစ်ခုစတင်လိုသည့် ရိုးမ၏ ဝန်ထမ်းများအတွက် လိုအပ်သည့် ကူညီထောက်ပံ့မှုများ ပေးစွမ်းနိုင်ရန် အလုပ်နှင့်ကိုယ်ပိုင်ဘဝ သင့်တင့်မျှတလာအောင် ကူညီပေးသွားရန် စီစဉ်ရေးဆွဲထားခြင်းဖြစ်ပါသည်။

အစီအစဉ်၏ အဓိကအချက်မှာ ပိုမိုလိုက်လျောညီထွေမှုရှိပြီး ခွင့်ရက်ကြာရှည်စွာ ယူနိုင်စေရန် သားဖွားခွင့်ဆိုင်ရာ မူဝါဒပြောင်းလဲထားခြင်းနှင့် သားဖွားခွင့်ယူပြီးနောက် အလုပ်ခွင်သို့ ပြန်လည်ဝင်ရောက်နိုင်ရန် အာမခံချက်ပေးခြင်းတို့ ဖြစ်ပါသည်။

## MATERNITY POLICY


| NORMAL CORPORATE | YOMA |
|---|---|
| 15 consecutive days + weekend (Paternity leave) | **15 flexible** working days of your choice. (Paternity leave) |
| 14 weeks paid leaves | **20 weeks** paid leaves |
| Not flexible in taking more leaves | Can opt for **40 weeks leaves for half pay** or up to 1 year with different pay options. |
| No guaranteed on returning to work | **1 year off guarantee of return** of employment within the Yoma Group |

# Dulwich Scholarship for your Children

A 50% reduction in annual tuition fees is now available to Yoma employees with children or grandchildren attending Dulwich College, either in Pun Hlaing Estate or StarCity. Dulwich is one of the most reputable international schools in Yangon with great facilities to encourage well-rounded learning.

ရိုးမဝန်ထမ်းများအနေဖြင့် မိမိတို့၏ သားသမီးများ (သို့) မြေးများ ပန်းလှိုင်အိမ်ရာနှင့် ကြယ်စင်အိမ်ရာရှိ Dulwich College တွင် တက်ရောက် ပညာသင်ယူလိုပါက ကျောင်းလခ ၅၀% လျော့ဈေးဖြင့် တက်ရောက်နိုင်ပြီဖြစ်ပါသည်။ Dulwich သည် မြန်မာနိုင်ငံရှိ နာမည်ကြီး နိုင်ငံတကာကျောင်းများအနက် တစ်ခုဖြစ်ကာ ဝန်ဆောင်မှု အပြည့်အဝဖြင့် အဖက်ဖက်မှ ပညာရပ်များကို လေ့လာဆည်းပူး နိုင်မှာဖြစ်ပါသည်။






# Karee by Memories Group

A brand-new full-service travel and events solutions provider that specialises in imaginative experiences by Memories Group was launched on the 27th January. Contact them now at info@karee.asia or www.karee.asia to enquire about the coming up events of your entity or personal celebrations.

ခရီးသွားလာခြင်းနှင့် ပွဲအခမ်းအနားကျင်းပခြင်းများအတွက် စိတ်ကူးယဉ် အိပ်မက်များကို အကောင်အထည်ဖော်ပေးနိုင်ရန် Memories Group မှ ဝန်ဆောင်မှုအသစ်တစ်ခုဖြစ်သည့် Karre နှင့် ဇန်နဝါရီလ ၂၇ ရက်နေ့တွင် မိတ်ဆက်ခဲ့ပါသည်။ သင်တို့၏ လုပ်ငန်းဌာန (သို့) ကိုယ်ပိုင်ပွဲအခမ်းအနားများ အတွက် info@karee.asia ထံ ဆက်သွယ်၍ (သို့) www.karee.asia တွင် စုံစမ်းမေးမြန်းနိုင်ပါသည်။

# Yoma Events

## 1 - 16 FEBRUARY

Here's a snapshot of exciting events coming up in February. Our Yoma event page is updated daily, if you have any entity events you would like to inform or drive participation to our employees Groupwide, contact us now.

လာမည့် ဖေဖော်ဝါရီလတွင်ရှိမည့် ပွဲအစီအစဉ်များကို ဖော်ပြလိုက်ပါသည်။ ကျွန်ုပ်တို့ ရိုးမ၏ ပွဲအစီအစဉ်စာမျက်နှာကို နောက်ဆုံးရ အချက်အလက်များဖြင့် နေ့စဉ် တင်ဆက်ပေးထားပါသည်။ သင့်လုပ်ငန်းဌာနမှ ပြုလုပ်သည့် ပွဲအစီအစဉ်များတွင် လုပ်ငန်းစုတစ်ခုလုံးမှ ဝန်ထမ်းများကို အသိပေးတက်ရောက်စေလိုပါက ကျွန်ုပ်တို့ထံ အခုဘဲ ဆက်သွယ်လိုက်ပါ။

**1 FEB MON**




Seafood To you
at the Campus
*3:30 PM - 5:00 PM*

**1-14 FEB**

Valentine's Celebration
at StarCity

**2 FEB TUE**




Organic Vegetables
at the Campus
*3:30 PM - 5:00 PM*

**2 FEB TUE**

Effective Communication & Interpersonal Relationship
*3:00 PM*

**6 FEB SAT**



ExclusiveFood Tasting by the Hangar

**14 FEB SUN**



Wine Tasting Event by the Hangar

**16 FEB TUE**

Work-life balance and Time Management
*3:00PM*

# Yoma Bank App Technical Issue

The Yoma Bank Mobile Banking App and Internet Banking System ran into technical issues over the past week and the bank has been working hard to resolve the issues quickly. Many customers are still facing technical problems with the App, but we want to assure you that this does not impact the core banking system, payroll services, ATM and branches.

All Yoma employees are able to continue using the services below:

1. Withdraw from ATM machines using your MPU card.
2. Check your account balance through ATM machines.
3. You can access money in Smart Account from Wave Money if your Wave Account and Smart Account are linked.

If you should ran into issues withdrawing your salary, checking your balance or have any questions, please contact AskHR for further clarification.

ရိုးမဘဏ်၏ ဒစ်ဂျစ်တယ် ဝန်ဆောင်မှုဖြစ်သော Mobile အက်ပလီကေးရှင်းနှင့် Internet Banking တို့တွင် နည်းပညာဆိုင်ရာ ယာယီချို့ယွင်းမှုများရှိနေပါသည်။ အမြန်ဆုံး ပြန်လည်ကောင်းမွန်လာစေရန် ရိုးမဘဏ်မှ အချိန်ပြည့် ကြိုးစားနေပါသော်လည်း သုံးစွဲသူအချို့တွင် အဆင်မပြေမှုများဖြင့် ကြုံတွေ့နေရဆဲဖြစ်ပါသည်။ အဆိုပါ နည်းပညာချို့ယွင်းမှုသည် Digital Mobile Baking အပေါ်သာ သက်ရောက်မှုရှိပြီး ပင်မဘဏ်လုပ်ငန်းစဉ်များ၊ ဝင်ငွေလစာ ရရှိခြင်းများနှင့် အခြားဘဏ်ဝန်ဆောင်မှုများအပေါ် သက်ရောက်မှုမရှိပါ။ ထို့ကြောင့် ဝန်ထမ်းများအနေဖြင့် အောက်ပါ ဝန်ဆောင်မှုလုပ်ငန်းစဉ်များကို ပုံမှန်အတိုင်း ဆက်လက်ဆောင်ရွက်နိုင်မှာဖြစ်ပါသည်။

၁) မိမိ၏ MPU ငွေထုတ်ကဒ်ကို အသုံးပြု၍ ATM စက်များမှ ငွေထုတ်ယူနိုင်ခြင်း
၂) လက်ကျန်ငွေပမာဏကို ATM စက်မှ တစ်ဆင့်ဝင်၍ စစ်ဆေးနိုင်ခြင်း
၃) Wave အကောင့်နှင့် Smart အကောင့်ကို ချိတ်ထားပါက Smart အကောင့်ရှိ ငွေများကို Wave အကောင့်မှ ဆွဲယူ အသုံးပြုနိုင်ခြင်း

ဝန်ထမ်းများသည် မိမိလစာထုတ်ယူ စစ်ဆေးခြင်းနှင့် ပတ်သက်၍ ပြဿနာတစ်စုံတစ်ရာ (သို့) အခြားမေးမြန်းလိုသည်များရှိပါက AskHR ထံ ဆက်သွယ်မေးမြန်းနိုင်ပါသည်။





# Downloading Attendance List on Teams

Want to get the attendance list after your Teams meeting? The list can be downloaded only during meeting and is only visible to the organiser. Once downloaded, it will automatically show up in the "Downloads" folder. Check here for a step-to-step guide.

Teams တွင် အစည်းအဝေးပြီးနောက် တက်ရောက်သူစာရင်းကို ရယူလိုပါသလား။ တက်ရောက်သူစာရင်းကို အစည်းအဝေးပြုလုပ်နေချိန်အတွင်း အစည်းအဝေးစီစဉ်သူမှသာ ဒေါင်းလုဒ်ဆွဲနိုင်ပါသည်။ ဒေါင်းလုဒ်ဆွဲပြီးပါက "Download" ဖိုင်တွဲထဲတွင် အလိုအလျောက် ရောက်ရှိနေမှာဖြစ်ပါသည်။ အောက်တွင် လုပ်ဆောင်ပုံအဆင့်ဆင့်ကို ကြည့်ရှုနိုင်ပါသည်။